# COVID-19 ကပ်ရောဂါကာလအတွင်း ရွှေ့ပြောင်းကလေးသူငယ်များအတွက် အကာအကွယ်တိုးတက်စေခြင်း

## သုတေသန အကျဉ်းချုပ်



October 2021



"ကိုဗစ် ကာလမှာ မိသားစုတွေ စားစရာ၊ရိက္ခာအလုံအလောက်မရှိကြဘူး။ ကျောင်းတွေလဲမဖွင့်နိုင်ဘူး။ ကလေးတွေကျောင်းနားပြီး အပြင်ထွက်အလုပ်လုပ်တာတွေလည်းရှိတယ်။ သူတို့တွေအဲ့လိုလုပ်ငန်းခွင်ထဲစဝင်သွားတဲ့အခါ၊ အဲ့ဒီကနေထွက်ပြီး ကျောင်းပြန်လာမတက်ချင်တော့မှာကိုစိတ်ပူတယ်။"

- ရွှေ့ပြောင်းကလေး



နယ်စည်းမခြားကူညီစောင့်ရှောက်ရေးအဖွဲ့ (HWF)၊ TeacherFOCUS၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မတီ (CPPCR) နှင့်မယ်တော်ဆေးခန်း (MTC) တို့မှ ဝန်ထမ်းများမှပူးပေါင်းပါဝင်လှုပ်ရှားမှုဆိုင်ရာ သုတေသန (PAR) တစ်ခုကိုဆောင်ရွက်ခဲ့ပါသည်။ ထိုသုတေသန၏ရည်ရွယ်ချက်မှာ COVID-19 ကပ်ရောဂါကြောင့်ထိုင်းနိုင်ငံတာ့ခ်ခရိုင်ရှိရွှေ့ပြောင်း လူမှုအသိုင်းအဝိုင်းရှိကလေးများတွေ့ကြုံခံစား
နေရသည့် ကာကွယ်ရေးဆိုင်ရာ ပြဿနာများကို ဖော်ထုတ်နိုင်ရန်နှင့် သက်သေယူနိုင်ရန် ရည်ရွယ်ပါသည်။ ရပ်ရွာများထဲတွင် သီးသန့်ခွဲခြားနေထိုင်နေရစဉ်၊ တစ်နေရာမှတစ်နေရာသို့ သွားလာရန် ကန့်သတ်ခံနေရချိန်များတွင်၊ အချက်အလက်များစုစည်းနိုင်ရန်လူ ကလေးများနှင့်ရင်းနှီးလွယ်သည့်မေးမြန်းမှုပုံစံမျိုး၊ ခပ်ခွာခွာနေထိုင်ရင်းမေးမြန်နိုင်သည့် သုတေသနနည်းလမ်းမျိုးကို အသုံးပြုထားပါသည်။

ကလေးများကို ရင်းရင်းနှီးနှီးပါဝင်ဖြေဆိုနိုင်သည့် အုပ်စုဖွဲ့မေးမြန်းမှုမျိုးကို facebook messenger အသုံးပြု၍အွန်းလိုင်းမှတဆင့်မေးမြန်းကာ၊ ဆရာများနှင့်ကျောင်းအုပ်များကို အွန်လိုင်းမှတဆင့် Zoom အသုံးပြုကာ အုပ်စုဖွဲ့မေးမြန်း၍၊ မိဘများကို Key Informant Interviews (KIIs)အနေဖြင့် ဖုန်းများခေါ်ဆိုကာ တစ်ဦးချင်းအလိုက်မေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။ ကလေး ၁၂၆ ဦး (၆၀ ကျား/၆၆ မ)၊ ကျောင်းအုပ်နှင့် ဆရာ ၉၁ ဦး (ဆရာ -၂၃/ ဆရာမ - ၆၈)၊ မိဘ ၁၀၀ ဦး (ကျား - ၂၅/ မ - ၇၅) အစရှိသဖြင့် ယခုသုတေသနတွင် ပါဝင်ခဲ့သူ ၃၁၇ ဦးရှိပါသည်။ ပါဝင်သူများ မှာ မဲဆောက်နှင့် ဖုပ်ဖရ ဒေသများရှိ HWF ပံ့ပိုးပေးလျက်ရှိသည့် ရွှေ့ပြောင်းကျောင်း ၁၁ ကျောင်း မှဖြစ်ပါသည်။ ကလေးများအနေဖြင့် ယခုလိုအချိန်ကာလမျိုးတွင်၎င်းတို့၏အမြင်များကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုနိုင်ရန်၊ ထိုအမြင်များကိုစုစည်းနိုင်ရန်ရည်ရွယ်ကာ ကလေးများ ရင်းနှီးလှသည့် အုပ်စုလိုက်ပါဝင်ဆွေးနွေးမှု နည်းလမ်းကိုအသုံးပြုထားပါသည်။ ကပ်ရောဂါ ကာလအတွင်းကလေးများအတွက်ပိုမိုကောင်းမွန်သော ကာကွယ်ရေးဆိုင်ရာ ဖြေရှင်းနည်းအသစ် များနှင့်၊ လက်ရှိကာကွယ်ရေး နည်းစနစ်များပိုမိုအရှိန်မြင့်နိုင်ရန် ပါဝင်သူများ၏ အတွေးအမြင် များကိုလည်းမေးမြန်းခဲ့ပါသည်။ ကွင်းဆင်းလေ့လာမှုမစမီ Mae Tao Clinic ၏ Community Ethics Advisory Board (CEAB) မှသုတေသနနည်းလမ်းကိုအတည်ပြုခဲ့ပါသည်။

**ကပ်ရောဂါကြောင့်စီးပွားရေးသက်ရောက်မှုသည်ရွှေ့ပြောင်းမိသားစုများကို အပြင်းထန်ဆုံး ထိခိုက်စေပါသည်။ စုဆောင်းငွေအနည်းငယ်နှင့်အရံအစီအစဉ်အနည်းငယ်ဖြင့်သာရပ်တည်နေရပြီး၊ မိသားစုကိုထောက်ပံ့ရန်အတွက် ၎င်းတို့၏သားသမီးများကိုအလုပ်လုပ်ခိုင်းရသည့်မိသားစု အရေအတွက်လည်းတိုးလာပါသည်။။ အသက် ၁၁ နှစ်ကလေးငယ်များအလုပ်လုပ်နေရကြောင်း ဖြစ်ရပ်များလည်း သိရှိခဲ့ရပါသည်။**

ကလေးလုပ်သားများပြားလာခြင်း၊ ရုပ်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်းနှင့်ကျောင်းထွက်ခြင်းတို့သည် COVID-19 ၏ရလဒ်အဖြစ်ရွှေ့ပြောင်းနေထိုင်သူ အသိုင်းအဝိုင်းများတွင်မကြာခဏတွေ့ရလေ့ရှိသောအန္တရာယ်များဖြစ်သည်ဟုပါဝင်သူများကဖြေ ဆိုခဲ့ပါသည်။ ဂိမ်းစွဲခြင်း၊ ကလေးလုပ်သား၊ အရွယ်မတိုင်ခင်အိမ်ထောင်ပြုခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခံရခြင်း၊ ကျောင်းထွက်ခြင်းနှင့်စိတ်ပိုင်းဆိုင်ရာစော်ကားမှုကိုမိမိတို့၏ အသိုင်းအဝိုင်းများတွင်လက်ရှိကလေးများအတွက်အဖြစ်များဆုံးသောအန္တရာယ်များဟုတွေ့ဆုံ မေးမြန်းခဲ့သောမိဘများကသတ်မှတ်ထားပါသည်။

အရည်အချင်းပြည့်မီသောတုန့်ပြန်မှုများမှတဆင့်တွေ့ဆုံမေးမြန်းသောကလေးများသည် ရုပ်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်ခံရမှုသည် ကလေးများအတွက် အဖြစ်များဆုံး အန္တရာယ်ဖြစ်ကြောင်း မေးမြန်းမှုတွင်ပါဝင်ခဲ့သော ကလေးများကထောက်ပြခဲ့ပြီး၊ ထို့နောက်တွင် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရခြင်း နှင့် ကလေးအလုပ်သမားအစရှိသောပြဿနာများကိုလည်း မကြာခဏဖြစ်ပေါ်လေ့ရှိသောပြဿနာများအဖြစ်တင်ပြခဲ့သည်။ ထိုဖြေဆိုမှုများကိုကြည့်ခြင်းဖြင့်ရွှေ့ပြောင်းကလေးများ အနေဖြင့် မတူညီသောအခက်အခဲများနှင့်ကြုံနေရကြောင်းကို ရှင်းရှင်းလင်းလင်းသိနိုင်ပါသည်။ မေးမြန်းမှုတွင်ပါဝင်ခဲ့သောကလေးများ၏အမြင်အရ ကိုဗစ် ၁၉ ကာလတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများ (စိတ်ဓါတ်ကျခြင်း၊ စိတ်ဖိစီးမှုများခြင်း)၊ ကလေးအလုပ်သမားပြဿနာ၊ ကျောင်းထွက်ခြင်းပြဿနာများ နှင့်ဂိမ်းစွဲခြင်းပြဿနာများသည်၎င်းတို့၏ သူငယ်ချင်းများအကြားကြိမ်ဖန်များစွာဖြစ်ပေါ်လေ့ရှိကြောင်းသိရသည်။

**" ငါတို့အပြင်ထွက်ရမှာကြောက်တယ်။ ငါတို့လွတ်လွတ်လပ်လပ်မထွက်နိုင်ဘူး။ ငါတို့ကချုပ်နှောင်ခံနေရသလိုခံစားရတယ်။ ငါတို့ကျောင်းမသွားနိုင်ဘူး။ ဒီဆိုင်ကငါတို့အရင်ကဝယ်နေကျဆေးတွေကိုတောင်မရောင်းဘူး။ ငါတို့ကမြန်မာနိုင်ငံသားဖြစ်လို့ ၊ ငါတို့မှာ *COVID -19* ရှိတယ်ဆိုပြီး ခွဲခြားဆက်ဆံခံရတယ်။ ငါတို့အိမ်ရှေ့မှာရပ်နေရင်းနှာခေါင်းစည်းမတပ်တဲ့ အတွက်ဒဏ်ငွေဘတ် ၃၀၀၀ ပေးရတယ်။ "**

**- ရွှေ့ပြောင်းကလေး**

မိဘများနှင့်ဆရာများက ကလေးများမိုဘိုင်းဂိမ်းကစားခြင်းကိုစွဲလမ်းစေသောအဓိကအကြောင်းအရင်းမှာကျောင်းများပိတ်ထားသောကြောင့်ကလေးများအားလပ်ချိန်ပိုရခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ တစ်ချိန်တည်းမှာပင်ရွှေ့ပြောင်းမိဘများသည်နာရီပေါင်းများစွာအလုပ်လုပ်ကိုင်ရခြင်း၊ အချို့ဆိုလျှင် တစ်ပတ်လျှင် ၇ ရက်လုံးအလုပ်လုပ်ကိုင်ရသူများလည်းရှိသည့်အတွက် ၎င်းတို့ကလေးများ၏ မိုဘိုင်းဖုန်းအသုံးပြုမှု နှင့်နေ့စဉ် လုပ်ဆောင်မှုများကိုစောင့်ကြည့်ကွပ်ကဲရန်မလွယ်ကူပေ။ တွေ့ဆုံမေးမြန်းခဲ့သည့်ကလေးများက၎င်းတို့သည်အွန်လိုင်းသင်ယူမှုကိုစိတ်ဝင်စားမှုလျော့နည်းသွားပြီးရလဒ်အနေနှင့်မိုဘိုင်းလ်ဂိမ်းကစားခြင်းဖြင့်အချိန်ပိုကုန်လေ့ရှိသည်ဟုဆိုသည်။ ရွှေ့ပြောင်းနေထိုင်သူမိသားစုများသည်အခြေခံရှင်သန်ရပ်တည်ရေးအတွက်ရုန်းကန်နေစဉ်တွင်မိဘများသည်၎င်းတို့၏သားသမီးများကို အလုပ်ခွင်သို့ခေါ်ဆောင်လာရန်ဖိအားပိုများလာသည်။ ဥပမာတစ်ခုအနေနှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်အလုပ်လုပ်ကိုင်သောမိဘများသည် မိမိတို့၏ကလေးများကိုအိမ်တွင် လူကြီးမိဘမရှိဘဲမထားခဲ့ချင်သောကြောင့် ၎င်းတို့လုပ်ကိုင်ရာလုပ်ငန်းခွင်ဆီသို့ ခေါ်ဆောင်လာရလေ့ရှိသည်။ ထိုသို့ခေါ်ဆောင်လာရင်း ကလေးများအား တစ်လလျှင် ဘတ် ၅၀၀ မှ ၁၀၀၀ (ခန့်မှန်းခြေအားဖြင့် ၁၅ ဒေါ်လာမှ ၃၀ ဒေါ်လာ) ပေးကာမိဘများကိုကူညီရန်ကမ်းလှမ်းခံရသည်။ ရွှေ့ပြောင်းကျောင်းများပိတ်ထားသည့်အလျောက်ကလေးများအနေဖြင့်သင်ယူရေးတွင်ပူးပေါင်းပါဝင်မှုအားနည်းလာသည်။ ထိုအခါ ၎င်းတို့၏ညီ၊ ညီမများကိုထိန်းကျောင်းရန် (သို့) မိသားစုကိုကူညီရန် အလုပ်လုပ်ကိုင်လာရသည်။

**ပညာရေးအပြင်ကျောင်းတွင် ဖြစ်ပျက်သည့်အရာများကများပြားသည်။ ကျောင်းများပိတ်ထားသည့်အလျောက် ကလေးများအတွက်လိုအပ်သောလူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများ၊ ကလေးကာကွယ်ရေးဆိုင်ရာလုံခြုံမှုများ ပျောက်ဆုံးခဲ့ရသည်။**


ကလေးများစိတ်ဖိစီးပြီး၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို အဓိကလွှမ်းမိုးစေသည့်အရာမှာ ငွေကြေးမပြေလည်မှုကြောင့် မိသားစုများစကားများခြင်းနှင့်၊ ကိုဗစ်ကြောင့် သွားလာရန် ကန့်သတ်ခံရခြင်း နှင့်စိတ်ဖိစီးမှုဖြစ်စေသောမိသားစုဆက်ဆံရေး ကြောင့်ဖြစ်ကြောင်း အသေးစိတ်မေးမြန်းမှုများမှတဆင့် သုတေသနပြုသူများရှာဖွေသိရှိရသည်။ ဆရာများ၏ပြော ပြချက်အရ သာမာန်အခြေအနေမျိုးတွင် ကလေးများသည်မိသားစုဘဝနှင့်ပတ်သက်၍ အခက်အခဲများရှိလာလျှင် ဆရာများကိုတိုင်ပင်ရင်ဖွင့်လေ့ရှိသည်။ သို့သော်လည်းလက်ရှိ အခြေအနေအရ ကလေးများနှင့် ဆရာများ ထိုသို့ ချိတ်ဆက်ပြောဆို၊ဆွေးနွေးရန်မလွယ်ကူလှ ပေ။

**ကလေးသူငယ်များ၏ပြောပြချက်အရ ၎င်းတို့ကြုံတွေ့ရသော ကာကွယ်ရေးအန္တရာယ်များ (အကြီးဆုံးအန္တရာယ်မှ အသေးငယ်ဆုံးအန္တရာယ်အစဉ်လိုက်စီထားခြင်း)**





ကာကွယ်ရေးဝန်ဆောင်မှုများကိုလက်လှမ်းမီရယူရန်၊ ရပ်ရွာအတွင်းရှိမိသားစုများကြုံတွေ့ရ သောအခက်အခဲများကိုဆရာများနှင့်မိဘများအား ဖော်ထုတ်စေခဲ့ပါသည်။ ၇၅% သောဆရာ များ၏အမြင်အရကာကွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကိုရယူရန် အဟန့်အတားအဖြစ်ဆုံး အခက်အခဲမှာမိဘများတွင် လိုအပ်သော တရားဝင်လက်မှတ်အထောက်အထားမရှိခြင်း ဖြစ်သည်။ တရားဝင်စာရွက်စာတမ်းများမရှိခြင်းသည်ရွှေ့ပြောင်းမိသားစုများအတွက်၎င်းတို့ကို ကူညီပေးနိုင်သောအဖွဲ့အစည်းများသို့မဟုတ်အစိုးရအာဏာပိုင်များကိုဆက်သွယ်ရန်ခက်ခဲ စေသည်။ ဆရာများဖြေဆိုချက်အရ အခြားသောအတားအဆီးများတွင် မိသားစုများအနေဖြင့် ရှိ နေသောဝန်ဆောင်မှုများကိုမသိရှိခြင်း၊အာဏာပိုင်များကိုကြောက်ခြင်း၊ အစီရင်ခံရန်သို့မဟုတ် အကူအညီတောင်းခံရန်ရှက်ခြင်းနှင့်ဘာသာစကားအခက်အခဲများပါ ဝင်သည်။ တွေ့ဆုံမေးမြန်း သောကလေးများ၏ဖြေဆိုချက်အရ မကြာခဏဂိမ်းကစားခြင်းသည်စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို ထိခိုက်စေပြီးသူငယ်ချင်းများနှင့်၎င်းတို့၏ မိသားစုနှင့်အတူ ချိတ်ဆက်နိုင်ချိန်များကိုလျော့နည်း စေသည်။ ဂိမ်းအလွန်အကျွံ ကစားခြင်းကြောင့် အပြုသဘောမဆောင်သော စိတ်ခံယူချက်များ ရပ်ရွာထဲရှိ ကလေးများတွင်ရှိလာကြောင်းလည်းဖြေဆိုထားပါသည်။ ဥပမာ။ အွန်လိုင်းဂိမ်းကစား ရန် ပိုက်ဆံခိုးသောဖြစ်ရပ်များရှိကြောင်းကိုလည်းဖြေဆိုမှုများမှသိရှိခဲ့ရပါသည်။

## ကလေးကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များ ဖြစ်ပွားမှုကြိမ်နှုန်း အုပ်စုတစ်စုစီ၏အမြင်




## ကိုဗစ် - ၁၉ ကြောင့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များ ဖြစ်ပွားမှု အပြောင်းအလဲအပေါ် အုပ်စုတစ်ခုစီ၏အမြင်




**အချို့သောကြံ့ကြံ့ခိုင်နိုင်သည့်ရွှေ့ပြောင်းကျောင်းများအနေဖြင့်လည်းကလေးများသင်ယူမှုတွင် ချိတ်ဆက်ပါဝင်လာစေရန် အွန်လိုင်းနည်းလမ်းများကို ချဲ့ထွင်အသုံးပြုလာသည်။ ကလေးများ မိုဘိုင်းဖုန်းများကိုအသုံးပြု၍ ဆရာများနှင့်သင်ယူမှုများပြုလုပ်နိုင်ရန် မိဘများအိမ်တွင်ရှိသည့် အချိန်များဖြစ်သည့် မနက်အစောပိုင်းနှင့် ညနေပိုင်းများတွင် အွန်လိုင်းသင်ကြားမှုများကိုပြုလုပ် ကြသည်။ ထိုသို့သော နည်းလမ်းများသည် အခြားကျောင်းများနှင့်ဝေမျှသင့်ပြီး အရှိန်အဟုန်မြင့် လုပ်ဆောင်သင့်သည်။**

**COVID-19ကြောင့်ရွှေ့ပြောင်းအသိုင်းအဝိုင်း၏ ပုံးကွယ်နေသော လိုအပ်ချက်၊အခက်အခဲများကို မြင်သာထင်သာရှိလာစေသည်။ ကလေးကာကွယ်ရေးနည်းလမ်းများဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ပညာရေးဆက်လက်ပံ့ပိုးပေးနိုင်စေရန် လက်တွေ့ကျပြီး၊ ရပ်ရွာအခြေပြုနည်းလမ်းများ လိုအပ်ပါသည်။**

## ပါဝင်ဖြေဆိုသူများ၏ပြဿနာဖြေရှင်းချက်အမြင်များ

### အခြေခံလိုအပ်ချက်များကို ထောက်ပံ့ပေးခြင်း

စဉ်ဆက်မပြတ်ကလေးကာကွယ်ရေးဆိုင်ရာကြိုတင်ကာကွယ်မှုနှင့် ချိတ်ဆက်တုံ့ပြန်မှုများ၏တစ်စိတ်တစ်ဒေသအနေနှင့် အခြေခံပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ၊ရိက္ခာခြောက်များကို ရွှေ့ပြောင်းမိသားစုများအတွက်ပံ့ပိုးပေးပါ။
ရွှေ့ပြောင်းမိသားစုများတွင်ငွေကြေးအဆင်မပြေမှု၊ အလုပ်လက်မဲ့ဖြစ်မှုများကြောင့် ကလေးအလုပ်သမား၊ အရွယ်မတိုင်ခင်အိမ်ထောင်ကျခြင်း (သို့) အိမ်ထောင်ချပေးခံရခြင်းများပိုမိုများပြားလာပါသည်။ အနာဂတ်ကာကွယ်ရေးအစီအစဉ်များတွင် မရှိမဖြစ်လိုအပ်သော၊ အခြေခံအသုံးအဆောင်များဖြင့်ပံ့ပိုးပေးခြင်းကလည်းတစ်စိတ်တစ်ဒေသအနေဖြင့် ပါဝင်သင့်ပါသည်။

### အသိပညာမြှင့်တင်ပေးခြင်း

ကလေးများအားညှင်းပန်းနှိပ်စက်မှုဖြစ်ရပ်များအားမည်သို့တုံ့ပြန်ရမလဲ၊ ဖော်ထုတ်ရမလဲစသည့်အကြောင်းအရာများပါဝင်သည့် အသိပညာပေးအချက်အလက်များ၊ သင်တန်းများ၊ ပညာရေးဆိုင်ရာဆွေးနွေးဖလှယ်မှုများလိုအပ်ပါသည်။
ပညာပေးလုပ်ငန်းစဉ်များသည်လည်း မိဘများနှင့် ပညာရေးဝန်ထမ်းများသာမက၊ ရပ်ရွာတစ်ခုလုံးနီးပါးပါဝင်လာအောင်တိုးချဲ့ လုပ်ဆောင်သင့်သည်။

### အဓိကပါဝင်သူများအကြား ချိတ်ဆက်၊ပူးပေါင်းလုပ်ဆောင်ခြင်း

ကလေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ရပ်ရွာအဖွဲ့ဝင်များ၊ ကျောင်းဝန်ထမ်းများ၊ NGOဝန်ထမ်းများ၊ နှင့် ရပ်ရွာခေါင်းဆောင်များလည်းပါဝင်သင့်ပါသည်။ ကာယကံရှင်အားနောက်တစ်ကြိမ်ထပ်မံအန္တရာယ်ကျရောက်နိုင်ခြေအခြေအနေမျိုးမှ ရှောင်ရှားနိုင်ရန် နှင့် ကာယကံရှင်၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်တစ်ခုလုံးကို ထည့်သွင်း စဉ်းစားပေးနိုင်ရန် ကလေးကာကွယ်ရေးတွင်ပါဝင်လုပ်ဆောင်သူများအကြား ရှင်းလင်းသောချိတ်ဆက်မှုများလည်းလိုအပ်ပါသည်။

# အဓိကအကြံပြုချက်များ

**ဖြေရှင်းမှုများတွင် လူငယ်များကိုလည်းထည့်သွင်းပါ။ ။ကျောင်းသားငယ်များအားပံ့ပိုးပေးနိုင်ရန် နှင့် သင်ကြားပေးနိုင်ရန် လူငယ်များကိုတာဝန်ပေးပါ။**

ကျွန်ုပ်တို့၏သုတေသနတွေ့ရှိချက်အရလက်ရှိလူငယ်များအတွက်ပညာရေးအခွင့်အလမ်းအနည်းငယ်သာရှိသည်။ ရပ်ကွက်များတွင်းသို့ဝင်ထွက်သွားလာရန်ကန့်သတ်ခံထားရသောနေရာများ၊ဆရာများအနေဖြင့်လက်လှမ်းမီမှုမရှိသောရပ်ရွာများတွင် ကျောင်းသားငယ်များကိုပံ့ပိုးပေးနိုင်ရန် နှင့် သင်ယူရေးတွင်ပါဝင်လာစေနိုင်ရန် လူငယ်များကိုသင်တန်းပေး၍တာဝန်ပေးနိုင်သည်။ နည်းပြ၊ကြီးကြပ်ပေးမှုများမှတဆင့်လူငယ်များသည်လည်းငှင်းတို့၏အသိုင်းအဝိုင်းတွင်အခြားကလေးများအားပံ့ပိုးရန်တက်ကြွသောကိုယ်စားလှယ်များအဖြစ်ပါဝင်ပေးနိုင်သည်။

**ကလေးဖွံ့ဖြိုးမှုကိုအထောက်အကူပြုရန်ခိုင်မာသောလုပ်ရိုးလုပ်စဉ်များကိုဖန်တီးပါ**

ကလေးများအား ကျောင်းများနှင့်အချိတ်အဆက်ရှိနေစေရန် နှင့် ပူးပေါင်းပါဝင်စေရန် လုံခြုံသောရပ်ရွာနေရာ၊ နှင့် ကလေးများ၏လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးပေးနိုင်သည့် ကိရိယာများလိုအပ်ပါသည်။ မိခင်ဘာသာစကားဖြင့် အွန်လိုင်းသင်ယူမှုများကိုလက်လှမ်းမီအောင်ပံ့ပိုးပေးခြင်းဖြင့် ကလေးများ ကျောင်းထွက်ခြင်း နှင့် လုပ်ငန်းခွင်သို့ဝင်ရောက်ခြင်းအန္တရာယ်များကိုလျှော့ချနိုင်သည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကိစ္စများအားတုံ့ပြန်သူများအဖြစ်ရပ်ရွာခေါင်းဆောင်များလည်းပါဝင်ပါစေ။**

ကိုဗစ်အခြေအနေများ၊ ရပ်ရွာတွင်းသွားလာမှုကန့်သတ်ချက်များ၊ နှင့် ပိတ်ဆို့မှုများကြောင့် ဒေသတွင်းကလေးကာကွယ်စောင့်ရှောက်ရေး စနစ်များကို ဖန်တီးရန်အားစိုက်လုပ်ဆောင်ရန်အကြံပြုပါသည်။ ရွှေ့ပြောင်းကျောင်းများပိတ်ထားသည့်အလျောက် ကလေးများ၏လုံခြုံရေးဆိုင်ရာကာကွယ်ရေးဝန်ဆောင်မှုများနှင့်ချိတ်ဆက်မှု လမ်းကြောင်းများလည်းဆုံးရှုံးလိုက်ရသည်။ရပ်ရွာခေါင်းဆောင်များ နှင့် ရွာသူကြီး အစရှိသောယုံကြည်စိတ်ချရသည့်ရပ်ရွာအဖွဲ့ဝင်များကိုသင်တန်းပေးခြင်းဖြင့်ငှင်းတို့အနေဖြင့်လည်း လက်ရှိ ရှိနေသောဝန်ဆောင်မှုများအပေါ်ပိုမိုနားလည်နိုင်သည်။

## တတ်နိုင်သမျှအွန်လိုင်းအရင်းအမြစ်များကိုသုံးပါ



ကိုဗစ်-၁၉ တုံ့ပြန်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာစာပေများတွင်သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာနှင့် လူမှုမီဒီယာများသည် ကျောင်းပိတ်နေစဉ် အကန့်အသတ်ရှိသောကလေးများကို ထောက်ပံ့ရန် မရှိမဖြစ်လိုအပ်သော ကိရိယာများ ဖြစ်လာကြောင်း အလေးပေးထောက်ပြခဲ့သည်။ မိုဘိုင်းဖုန်းသည် ၎င်း၏အဆင့်အတန်းအတွက်မဟုတ်ဘဲ၊ ရွှေ့ပြောင်းကလေးများနှင့်လူငယ်များအားဘေးကင်းရန်နှင့်၎င်းတို့၏ဆရာများနှင့်ချိတ်ဆက်ရာတွင် အသုံးဝင်မှုကြောင့်မရှိမဖြစ်လိုအပ်သော အရာဖြစ်သည်။ မိုဘိုင်းဖုန်းရှိသော လူငယ်များအတွက် သတင်းအချက်အလက်အသစ်များကိုလက်လှမ်းမီစေရန်အခွင့်အရေးရှိပြီး၊ ဖုန်းမရှိသောလူငယ်များအတွက် အွန်လိုင်းသင်ယူမှုများတွင်အခွင့်အရေးနည်းပါးသည်။ မိုဘိုင်းဖုန်းများထပ်မံလိုအပ်သလို ၊ဖုန်းဒေတာ များလည်းလိုအပ်ပါသည်။

## ဆရာများကိုသတင်းအချက်အလက်နည်းပညာ (IT)စွမ်းရည်များဖြင့်ပံ့ပိုးပေးပါ။



သတင်းအချက်အလက်နှင့် နည်းပညာစွမ်းရည်များရှိခြင်းဖြင့် ဆရာများကိုအွန်လိုင်းသင်ထောက်ကူအရင်းအမြစ်များကိုလက်လှမ်းမီမှုရှိစေပြီး၊အွန်းလိုင်းသင်ကြားမှုများအတွက်လည်းအထောက်အကူဖြစ်စေသည်။ ထိုသို့ဖြင့် ကျောင်းသားများကိုလည်းသင်ယူရေးတွင်ပိုမိုစိတ်ဝင်စားလာစေသည့်အပြင်၊ သင်ထောက်ကူအရင်းအမြစ်များရှိခြင်းဖြင့် သင်ကြားရေးအတွက်ပြင်ဆင်မှုအချိန်ကို ကျောင်းသားများနှင့် ချိတ်ဆက်ရာတွင်ပိုမိုအသုံးချနိုင်သည်။

## ကလေးကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ အများဆုံးလိုအပ်သောနေရာများအတွက် ချည်းကပ်နည်းမျိုးစုံကိုအသုံးပြုပါ



ကလေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကသော့ချက်ကို ပေးလိုလျှင် ကလေးများနှင့်ရင်းနှီးလွယ်သောဘာသာစကားကိုအသုံးပြုရန်အရေးကြီးကြောင်းသုတေသန၏ရှာဖွေချက်များကထောက်ပြထားပါသည်။ ပညာပေးအချက်အလက်၊စာစောင်များကို ကလေးညှင်းပန်းနှိပ်စက်ခံရသောနေရာ၊ ကလေး၏ရပ်ရွာဒေသများထဲတွင်ရှိနေရန်၊ ဖြန့်ဝေပေးရန်လိုအပ်သည်။ အချို့သောပညာပေးပစ္စည်းများထဲတွင် လက်ကမ်းစာစောင်များ၊ ပညာပေးဗီဒီယိုများ၊ပိုစတာများနှင့် ရေဒီယို အစီအစဉ်များပါဝင်ပါသည်။

## လူမှုအသိုင်းအဝိုင်းများတွင် CP Focal Point များရှိနေခြင်းကိုအားဖြည့်ပါ

ရွှေ့ပြောင်းစာသင်ကျောင်းများတွင်မည်သည့်ကာကွယ်ရေးဆိုင်ရာကိစ္စမဆိုစီမံခန့်ခွဲနိုင်သောကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံပုဂ္ဂိုလ်တစ်ဦးစီရှိသည်။ ထိုသူသည် ဖြစ်ရပ်နှင့်ပတ်သက်ပြီး အကူအညီပေးနိုင်သော၊ စိတ်ပိုင်းဆိုင်ရာ ဆွေးနွေးနှစ်သိမ့်မှုပေးနိုင်သော အဖွဲ့အစည်းများဆီသို့ သတင်းပေးတင်ပြရန်တာဝန်ရှိသည်။ လက်ရှိတွင်ရွှေ့ပြောင်းကျောင်းများပိတ်ထားသဖြင့်ကလေးကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သောဒေသတွင်းတာဝန်ခံများထားရှိရန်လိုအပ်သည်။ ဤအေးဂျင့်များသည်အစီရင်ခံမှုအတွက်အဓိကလမ်းကြောင်းများဖြစ်ကာကာကွယ်ရေး ဆိုင်ရာပြဿနာတစ်ခုခုနှင့်ကြုံလာလျှင် လျှင်မြန်စွာတုံ့ပြန်လုပ်ဆောင်ရန်လိုအပ်သည်။

## ရွှေ့ပြောင်းအသိုင်းအဝိုင်းများတွင်ကလေးဘေးကင်းလုံခြုံသောနေရာများဖန်တီးပါ

ကျောင်းများပိတ်ထားသဖြင့်ကလေးများဆက်လက်ပညာသင်ယူနိုင်ရန်လုံခြုံသောနေရာများလိုအပ်သည်။ ရပ်ရွာများထဲတွင် ကလေးများအတွက်တစ်ကိုယ်ရည်သုံးကာကွယ်ရေးပစ္စည်းများ၊ စားပွဲများ၊ ခုံများ၊ လေဝင်လေထွက်ကောင်းသောနေရာများဖြင့် ပံ့ပိုးပေးရန်အကြံပြုထားပါသည်။ ထိုနေရာများကို သင်တန်းပေးထားသောရပ်ရွာထဲရှိ အဖွဲ့ဝင် တစ်ဦးဦး (သို့) ဆရာမှ စောင့်ကြည့် ကြီးကြပ်နိုင်ပါသည်။













help without frontiers มูลนิธิช่วยไร้พรมแดน

Teacher FOCUS

COMMITTEE FOR PROTECTION AND PROMOTION OF CHILD RIGHTS (BURMA) CPPCR

MAE TAO CLINIC